*Father's Day Special* — မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်

*Burmese Christian Fellowship*

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F.* ___ *Volume 6/ Issue 6 / June / 2013*

## You're Invited!

# Father's Day Special Service

at

Burmese Christian Fellowship
St. Luke's Episcopal Church.
122 S. California Ave. Monrovia, CA 91016
Sunday, June 16, 2013
2:00 PM

## Happy Father's Day

What a wonderful time of the year!
We are coming up once again on that special day
that is to honor our fathers.

# "ဖခင်များနေ့"

ယခုအခါတွင်... ဖခင်အများ၏ စံတင်လောက်သော အရည်အသွေးတို့ကို လေးစားဖေါ်ကျူးလျက် "ဖခင်များနေ့"ကို ကမ္ဘာလုံးဆိုင်ရာ အသိအမှတ်ပြု လက်ခံ၍ ကျယ်ကျယ်ပျံ့ပျံ့ ကျင်းပလာကြသည်။

သားသမီးတို့သည် ဖခင်အများကို ကြောက်ရွံ့ရိုသေလေးစားရသဖြင့် မိမိတို့၏ ဖခင်အား ကျေးဇူးတင်ကြောင်း ထုတ်ဖေါ်မပြောဝံ့သူများအတွက် "ဖခင်များနေ့"သည် သင့်အတွက် အခွင့်အရေးကောင်းတစ်ရပ်ပင်ဖြစ်သည်။ ဤသတင်းကောင်းကို ကြားရသည်နှင့် အမှန်ပင် သင့်နှလုံးသား ရိုက်ခတ်တုန်ခါသွားမည်။ ထိုသို့ဖြစ်လျှင် သင်၏ဖခင်ကို "ဖခင်များနေ့"တွင် ရှင်မြူးကျေနပ်အားရစွာ ကျေးဇူးတင်လျက် ဂုဏ်ပြုရန် သင်ပြင်ဆင်ထားပါ။

"ဖခင်များနေ့"၏နောက်ခံသမိုင်းသည် လူမှုရေးနှင့်အတူ ဘာသာရေးအရလည်း ဆက်နွှယ်လျက်ရှိနေပါသည်။ ယခင်အချိန်က ရိုမင်ကက်သလစ် Roman Catholic ဘာသာဝင်များသည် "ဖခင်များနေ့" နှင့်သက်ဆိုင်၍ သခင်ယေရှုခရစ်တော်ကို မယ်တော်မာရိဝမ်း၌ သန္ဓေတည်သည့်အချိန် မှစ၍ အရွယ်ရောက်သည်တိုင် ပြုစု ကျွေးမွေး သွန်သင်ခဲ့သောဖခင် ယောသပ် Joeseph ကို ဂုဏ်ပြု အောက်မေ့ရာ အထိမ်းအမှတ်အဖြစ်The Saint Joeseph's Day ကို ကျင်းပကြသည်။

John Brvce Dodd ၏ဇနီးဖြစ်သူ Sonora Lovise Smart Dodd သည် မိခင်သေဆုံးပြီးနောက်ပိုင်း သူမတို့မောင်နှမတစ်စုအား ဖခင်ဖြစ်သူက အစစအရာရာ ပြုစုပျိုးထောင်ပေးခဲ့ခြင်း၊ သားသမီးများ၏လိုအပ်ချက်များကို တတ်နိုင်သရွေ့ ကြိုးစားဖြည့်ဆည်းပေးခဲ့ခြင်း၊ မိခင်မရှိတော့သည့်နောက်ပိုင်း ဖခင်က မိခင်တာဝန်ကိုပါ ကြိုးစားလုပ်ကိုင်လာခြင်းကိုတွေ့မြင်လာခဲ့ရသည်။

ထို ကြောင့် Mrs. Dodd သည် သူမ၏ရင်တွင်း၌ ဖခင်၏ မေတ္တာစေတနာနှင့် ဖခင်၏တန်ဖိုးကို နားလည်ခံစားလာရပြီး သူမကိုယ်တိုင် "ဖခင်များနေ့" ဖြစ်ပေါ်လာရေးအတွက် အစွမ်းကုန် ကြိုးစားလုပ်ကိုင်လာသည်။ Mrs. Dodd ၏ဖခင်သည် ဇွန်လတွင်မွေးဖွားသဖြင့် "ဖခင်များနေ့"ကို ဇွန်လတွင် ကျင်းပရခြင်းဖြစ်သည်။ ဖခင်များသည် မိသားစုအတွက် ပင်ပန်းဆင်းရဲခံ၍ ကြိုးစားလုပ်ဆောင်ခြင်းကြောင့် ဂုဏ်ပြုထိုက်သောပုဂ္ဂိုလ်များဖြစ်၍ ၁၉၁၀ခုနှစ်၊ဇွန်လ၊တတိယပါတ်၊တနင်္ဂနွေနေ့ကို "ဖခင်များနေ့"အဖြစ် သတ်မှတ်ကာ ဝါရှင်တန်ခရိုင်၊ စပိုကိန်းမြို့ (Spokane, Washington)တွင် ပထမဆုံး ကျင်းပ ပြုလုပ်ခဲ့သည်။ William Jennings Bryan ခွင့်ပြုချက်ပေး၍ "ဖခင်များနေ့"ကျင်းပစဉ် လူပေါင်းများစွာ ပါဝင်ဆင်နွဲကြသည်။ နောက်(၈)နှစ်ကြာသော် Calvin Coolidge လက်မှတ်ရေးထိုး ၍"ဖခင်များနေ့"ကို နိုင်ငံတော် အားလပ်ရက် အဖြစ်ပြုခဲ့သည်။ ၁၉၂၆ တွင် "ဖခင်များနေ့"တရားဝင် ကော်မတီကို နယူးယောက်မြို့ New York တွင် ဖွဲ့စည်းခဲ့သည်။ ၁၉၆၆ တွင် Lyndon Johnson သည် "ဖခင်များ နေ့" ကို တရားဝင် ပြဋ္ဌာန်းလိုက်၏။ ထိုနောက် ၁၉၇၂တွင် အမေရိကန်ပြည်ထောင်စုတွင်သမ္မတကြီး ရစ်ချက်နစ်ဆန် President Richard Nixon သည် ဇွန်လ၊ တတိယပါတ်၊ တနင်္ဂနွေနေ့ကို "ဖခင်များနေ့" အဖြစ် သတ်မှတ်အတည်ပြု ခဲ့ပါသည်။

ထိုအချိန်မှစ၍ ယနေ့တိုင် ဖခင်များတို့၏ မြင့်မြတ်သော စိတ်ထားနှင့် သူတို့၏ အစေခံသော စိတ်ဓါတ်များကို ဂုဏ်ပြုကျင်းပကာ "ဖခင်များနေ့"ကို ရှုဒေါင့်အမျိုးမှ ပုံစံအမျိုးမျိုးဖြင့် ကျင်းပကြပါသည်။

---

ဖခင်များနေ့ကိုဂုဏ်ပြုကြိုဆိုလျှက်

# ဖခင်ပေးသောလက်ဆောင်

John Ma

လူငယ်တစ်ယောက်သည် တက္ကသိုလ်မှ အောင်မြင်၍ ဘွဲ့ယူရန် လအနည်းငယ်သာ လိုတော့သည်။ သူဘွဲ့ရသောအခါ ကားတစ်စီး လိုချင်ကြောင်း ဖခင်ထံ တောင်းဆိုပူဆာခဲ့သည်။ သူ၏ဖခင် တတ်နိုင်ကြောင်းကိုလည်း သူသိသည်။

သို့ဖြစ်၍၊ သူသည် ကားများ ခင်းကျင်းပြသသောပြခန်းများသို့ လပေါင်းများစွာအချိန်အကုန်ခံကာ ပြခန်းတစ်ခန်းပြီးတစ်ခန်းသို့ သွားရောက်၍ ရှာဖွေလေ့လာ ကြည့်ရှုသည်။ နောက်ဆုံးတွင် သူ၏စိတ်ကြိုက် အလွန်လှပသော ပြိုင်ကားတစ်စီးကို တွေ့သဖြင့် ဖခင်ကို ပြောပြပါသည်။

သူ..ဘွဲ့ယူရမည့်နေ့သို့ ရောက်လာပါပြီ။ ဘွဲ့ယူပြီးသောအခါ ဖခင်သည် သူ့ကို စာကြည့်ခန်းထဲသို့ ခေါ်သွားသည်။ ဖခင်က သူ့ကို အလွန်ချစ်ကြောင်း ပြောလိုက်ပြီး၊ သူ..ပညာစုံ၍ ဘွဲ့ရသောကြောင့် အလွန်ဂုဏ်ယူကြောင်း၊ ဝမ်းမြောက်ကြောင်းပြောကြား၍ လှပစွာထုပ်ပိုးထားသော လက်ဆောင်ထုပ်တစ်ခု သူ့ကို ပေးသည်။ သူသည် မျှော်လင့်ကြီးစွာဖြင့် လက်ဆောင်ထုပ်ကို တွေ့ရှိရသောအခါ စိတ်ထဲ၌ ထစ်ခနဲ့ ဖြစ်သွားကာ အလွန်စိတ်ပျက်သွားသည်။ သိချင်လိုသောစိတ်ဖြင့် လက်ဆောင်ထုပ်ကို အမြန်ဖွင့်လိုက်သည်။ သားရေစစ်စစ်အဖုံးတွင် သူ၏နံမည်ကို ရွှေစာလုံးဖြင့် ကွပ်ထားသော အလွန်ချစ်စရာကောင်းသည့် သမ္မာကျမ်းစာအုပ် အသစ်စက်စက် တစ်အုပ်ကို တွေ့ရသည်။

ထိုအခါ သူ.. ထောင်းခနဲ့ ဒေါသထွက်သွားပြီး အဖေကို ဤသို့ ရန်တွေ့လိုက်သည်။ “အဖေ.. အဖေ့မှာ ရှိတဲ့ပိုက်ဆံနဲ့ သားကို ဘွဲ့ရတဲ့ အထိမ်းအမှတ်အနေနဲ့ ဒီကျမ်းစာအုပ်တစ်အုပ်ဘဲ ပေးတယ်နော်။” ဟုပြောကာ ဒေါသထွက်လွန်းသဖြင့် သူ့စိတ်ကို မထိန်းနိုင်တော့ပါ။ စိတ်နာလွန်းသဖြင့် ယူကျုံးမရဖြစ်ကာ ဖခင်ပြန်ဖြေမည့်စကားကို မစောင့်နိုင်တော့ဘဲ လူငယ်ပီပီ ဒုန်း..ဒုန်း..ဒိုင်းဒိုင်းနှင့် အိမ်မှ အပြီးဆင်းသွားတော့သည်။

အချိန်သည် လူကိုမစောင့်။ နွေ၊ မိုး၊ ဆောင်းကုန်လွန်၍ နှစ်ပေါင်းများစွာ ကုန်လွန်သွားသည်။ အိမ်မှ ဆင်းသွားသော လူငယ်သည်လည်း ဘဝကို ရုန်းရင်း .. ကန်ရင်း .. ကြိုးစားရင်းနဲ့ လုပ်ကိုင်သဖြင့် စီးပွားရေးအောင်မြင်သော လူကြီးလူကောင်းတစ်ယောက်ဖြစ်လာသည် သာမက ဇနီးနှင့်သားသမီးရှိသော ပျော်ရွှင်သည့်အိမ်ထောင်တစ်ခုကိုပင် တည်ဆောက်နိုင်ပြီဖြစ်သည်။

ထိုအခါ အိုမင်းလာပြီဖြစ်သော ဖခင်ကို မေ့မရဘဲ လွမ်းဆွတ်သတိရလာသည်။ အော်... အချိန်သည် အကောင်းဆုံးသော ဆရာဝန်ဖြစ်သည် ဟူသော အဆိုသည် အလွန်မှန်ပါလား။ အိမ်မှဆင်းသွားသော အချိန်မှစ၍ တခါမျှ မတွေ့မမြင်ရသော ဖခင်အိုကို အလွန်တွေ့လိုသောဆန္ဒ၊ အလွန်တွေ့လိုသော အာသီသ ပေါ်လာသည်။ ထို့ကြောင့် ဖခင်ကို သွားတွေ့ရန် ခရီးစဉ်ကို စီစဉ်ပါတော့သည်။ ထိုအချိန်တွင်ပင် ဖခင်သေဆုံးကြောင်း သံကြိုးစာကို လက်ခံရရှိသည်။ သူ့ဖခင်ပိုင်သော ပစ္စည်းဥစ္စာအားလုံးကိုလည်း အမွေအဖြစ် အားလုံး လွှဲအပ်ပေးခဲ့ကြောင်းကို ဖခင်၏ရှေ့နေထံမှ သိရသည်။ သူ..အလျင်အမြန်လိုက်သွားတော့သည်။

ဖခင်အိမ်သို့ရောက်သောအခါ စိတ်မကောင်းခြင်း၊ ဝမ်းနည်းပူဆွေးခြင်း၊ နောင်တရခြင်းတို့ဖြင့် သူ၏ စိတ်ထဲရင်ထဲတွင် ပြည့်ကြပ်နေသည်။ စာကြည့်ခန်းထဲသို့ ရောက်သွားသောအခါ သူဘွဲ့ရသောနေ့က လက်ဆောင်အဖြစ် အဖေပေးသော သမ္မာကျမ်းစာအုပ်ကို ပြန်လည်မြင်တွေ့လိုက်သည်။ စိတ်ထဲတွင် ထစ်ခနဲ့ ဖြစ်သွားသည်။ နှလုံးသွေးခုန်နှုန်း မြန်လာသည်ဟု ခံစားရသည်။




ထိုကျမ်းစာအုပ်ကို လှမ်းယူ၍ လှန်ကြည့်သောအခါ ကားသော့တစ်ချောင်း ကျလာ၏။ ကားသော့ကို တွဲလွဲချိထားသော ကပ်ပြားပေါ်တွင် သူဘွဲ့ယူသောနေ့စွဲ၊ သူအလွန်လိုချင် တပ်မက်သည့် ပြိုင်ကားရှိရာ ပြခန်း၏ လိပ်စာ၊ ပြိုင်ကားပိုင်ရှင်၏နံမည်–သူ့နံမည်နှင့် ကားသွားထုတ်ယူလျှင် ဆက်သွယ်ရမည့် သူ၏နာမည်နှင့် ဖုံးနံပါတ်ကို သူ..တွေ့လိုက်သောအချိန်၌ သူ့မျက်ဝန်းမှ မျက်ရည်များထိန်းမရတော့ဘဲ၊ မိုးရေကဲ့သို့ တသွင်သွင် ယိုစီး၍ လာပါတော့သည်။ ❑

# ဖေဖေ့ကိုမေ့လို့မရနိုင်တဲ့ အကြောင်းအချက်လေးတွေ

သေသောသူ–ကြာရင်မေ့ ဆိုရိုးစကားရှိပေမဲ့၊ သမီးကတော့ ဖေဖေ့ကို အချိန်မရွေး အောက်မေ့လွမ်းဆွတ်လျက်ပါ။ လာမဲ့ ၂၀၁၀ ဇူလိုင်လ ၄ရက် ဆိုရင် ဖေဖေ့ကို ဘုရားသခင် ပြန်ခေါ်သွားတာ (၁၉) နှစ်ပြည့်ပြီ။ အခုလို ဖခင်များနေ့အတွက် တစ်ခုခုရေးပါဆိုတော့ ဘာရေးရင်ကောင်းမလဲ စဉ်းစားမိတယ်။ ခေါင်းထဲ မှာ **ဖေဖေ ပြောဆိုဆုံးမခဲ့တဲ့ အဖိုးတန်စကားတွေ** ထဲက တချို့ကို ပြန်ပြီးဝေမျှချင်တဲ့ စိတ်ကူးရတာနဲ့ ရေးလိုက်ပါတယ်...။

ဘုရားသခင်ကိုယုံကြည်ခြင်းနဲ့ပတ်သက်ပြီး ဖေဖေက ဒီလိုပြောခဲ့ပါတယ်…။

သမီးတို့ ဖေဖေတို့ ကိုးကွယ်ယုံကြည်တဲ့ ဘုရားဟာ မနေ့၊ ယနေ့၊ နောင်ကာလ တစ်လျှောက်လုံး မပြောင်းလဲဘဲ အသက်ရှင်တဲ့ ဘုရားဖြစ်တဲ့ အပြင် ငါသည်လည်း ကပ်ကမ္ဘာ ကုန်သည် တိုင်အောင် သင်တို့နဲ့အတူ ရှိမယ်ဆိုတဲ့ ဂတိကို အတိအကျ ပေးထားတဲ့ ဘုရားဖြစ်တယ်။ ဒါကြောင့် လောကမှာ အသက်ရှင်တဲ့ အခါမှာ ဘာအခက်အခဲ စိတ်ပျက်အားငယ် စိတ်ဓါတ်ကျစရာတွေဘဲ တွေ့တွေ့ ဘုရားမရှိတဲ့ သူတွေလို ပူပန်ကြောင့်ကြခြင်း မရှိဘဲ **ငါကားသင်၏ဘုရား** ဆိုတာကို တသက်လုံး မမေ့ဘဲ အသက်ရှင်ပါ၊

နောက်တခု ဖေဖေပြောခဲ့တာက အလုပ်လုပ်တာနဲ့ ပတ်သက်တဲ့ အကြောင်းပါ။

သားသမီးတွေကလည်း ပညာသင်မဲ့အရွယ်မှာ စာကျက်လေ့လာသင်ယူရမဲ့အလုပ်၊ လူကြီးတွေကလည်း စားဝတ်နေရေးအတွက် လုပ်ကိုင်ရတဲ့အလုပ်၊ အိမ်ထောင်မှာ မိဘက အိမ်ထောင်ကို ပြုစုတဲ့ အလုပ်၊ သားသမီးကမိဘကို ကူညီတဲ့အလုပ်၊ အသင်းတော်မှာလည်း အသင်းတော်ရဲ့ကောင်စီဝင် အလုပ်သာမက ဘုရားသားသမီး ဖြစ်တဲ့သူတိုင်း အမြင်မတော်တဲ့ အမှိုက်ကလေး တစ်ခုကောက်လိုက်တာ…၊ ဓမ္မသီချင်း စာအုပ်လေး နေရာတကျ ထားလိုက်တဲ့ အလုပ်အဆုံး ကြီးကြီးမားမားကအစ အသေးအမွှားအထိပေါ့၊ ဘာပဲလုပ်လုပ် တာဝန်အရ မလုပ်မနေရဆိုတဲ့ စိတ်နဲ့တော ့မလုပ်ပါနဲ့တဲ့။ ဘာဘဲလုပ်လုပ် စေတနာမေတ္တာ အပြည့်နဲ့ ကိုယ်ရော စိတ်ပါ လုပ်ပေးပါတဲ့လေ။

ဒီလိုဘဲ၊ လိုအပ်သူတွေအတွက် ပေးလှူတဲ့အခါမှာလည်း ထင်ပေါ်ကျော်ကြားချင်တဲ့စိတ်၊ နှမြောတဲ့စိတ်၊ မလှူမနေရဆိုလို့ လှူရတဲ့စိတ်နဲ့ဘယ်တော့မှ မလှူမိဖို့မှာခဲ့ပါတယ်။ ကိုယ်မလိုချင်တာကိုမှ သူများကို ပေးတာမျိုး မလုပ်ဖို့နဲ့ သူများလိုအပ်တာကို ကိုယ့်မှာရှိတဲ့ အကောင်းဆုံးကို ပေးဖို့လဲပြောခဲ့ပါတယ်။

အဲဒီအချိန်တုံးက ကျောင်းသားအရွယ်ဆိုတော့…၊ ဖေဖေက ကျောင်းစာတစ်ခုထဲ ပညာမဟုတ်ဘူးနော်တဲ့…၊ နေ့စဉ် ကိုယ်မြင်ရကြားရ ဖတ်ရတဲ့ အရာတိုင်းဟာ ယူတတ်ရင် ကိုယ့်အတွက် တန်ဖိုးရှိတဲ့ အသိပညာ အတတ်ပညာတွေချည်းပဲတဲ့…၊ဒါကြောင့် ဘယ်နေရာသွားသွား ဘာပဲလုပ်လုပ် ပတ်ဝန်းကျင်မှာတွေ့ရှိသမျှထဲက ကိုယ့်အတွက် တန်ဖိုးရှိမဲ့အရာကို လေ့လာသင်ယူပြီး လက်တွေ့ဘဝမှာ အသက်ရှင်ပါတဲ့။

သမီးတို့ တက္ကသိုလ်ကျောင်းသူအရွယ် ရောက်လာတော့…၊ တချို့လူကြီးတွေရဲ့ စကားတွေတရားဟောတာတွေကို အချင်းချင်း ဝေဖန်မှုတွေနဲ့ ပတ်သက်ပြီးတော့၊ ဖေဖေက လူတစ်ယောက်ရဲ့အားနည်းချက်တစ်ခုကို ထောက်ပြီး သူ့ရဲ့ကောင်းမွန်တဲ့ ဆုံးမစကား၊ အလုပ်အကိုင်တွေကို လျစ်လျူမရှု ဖို့နဲ့၊ သူများ တွေကို မဆုံးဖြတ်ဖို့ ပြောပါတယ်။

နောက်ဆုံးတခုက…

အချိန်နဲ့ပတ်သက်ပြီး **ကိုယ်ရဲ့လက်ရှိအချိန်ကို ဘုရားအတွက် အများအတွက် အကောင်းဆုံး အကျိုးရှိရှိ အသုံးပြုဖို့** ပါဘဲ။ တချို့အမှား ပြုလုပ်ရာတွေကို ပြန်ပြင်လို့ရပေမဲ့၊ ကုန်သွားတဲ့အချိန်ကိုတော့ ဘယ်တော့မှ ပြန်မရနိုင်တဲ့အတွက် လက်ရှိအချိန်ကို တန်ဖိုးထားတတ်ဖို့ သေသေချာချာ မှာခဲ့ပါတယ်…။

အခုလို ရေးလိုက်တော့မှဘဲ ဖေဖေပြောခဲ့တာတွေကို လိုက်နာတာလည်းရှိ မလိုက်နာတာတွေကိုလည်း ကွက်ကွက် ကွင်းကွင်း မြင်လာတယ်။ အချိန်လေးရှိတုန်း လိုက်နာဖို့လိုသေးတာတွေ လိုက်နာဖို့ ပြင်ရအုံးမယ်။ ဒီအချိန်မှာ အခုလို ပြင်ဆင်ပြောပြ ခွင့်ရလို့ ကျေးဇူးတင်ပါတယ်။ ။

**သမီးမွန်**

# အဖေနှင့်သားသမီးများ



အဖေ့သည်းခြာ … မြေရင်မှာ … ရတနာအနှစ် …သားသမီးအပေါ် …ကြင်နာစိတ်နဲ့ …သူမည်သည်းခဲ့။

အဖေ့ပုံသွင် … ပီပြင်လူချော … နှလုံးကောင်းနှင့် … သားသမီးအပေါ် …ယုယပိုက်ထွေး …သူချော့မြူခဲ့။

အဖေ့နှုတ်ခမ်း … လောကွပ်ပျူငှါ … မရှိသော်ငြား … သားသမီးအပေါ် … လိုအင်ဆန္ဒ … သူဖြည့်စီးခဲ့။

အဖေ့သဏ္ဍာန် … ဟန်ပြင်ဒေါသ … မာန်ရိပ်ဆင်လည်း … သားသမီးအပေါ် … ရင်မှာနာစေ … သူမရှိခဲ့။

အဖေ့မျက်နှာ …လေသံပြင်းပြင်း…မျက်ထားတင်းလည်း…သားသမီးအပေါ်… မေတ္တာစိတ်နဲ့ …သူချစ်ပြခဲ့။

အဖေ့လက်များ … စွမ်းအင်ကုန်ခမ်း … ရှာဖွေရလည်း … သားသမီးအပေါ် … တိုးမြဲဆပွား… သူမန္တမ်းခဲ့။

အဖေ့ခြေလှမ်း … ရှေ့သို့ချီရန် … လမ်းမှန်ပြလို့ … သားသမီးအပေါ် … ဖေးမတွဲကူ … သူဦးဆောင်ခဲ့။

အဖေ့ဆုတောင်း … ထပ်လောင်းခါခါ … ပြီးပြည့်စုံလည်း … သားသမီးအပေါ် … သူဆန္ဒစောခဲ့။

အဖေ့ဝိညာဉ် … ရှင်လန်းချီးမွမ်း … ယုံကြည်စိတ်ဖြင့် … သားသမီးအပေါ် … သူဆက်ကပ်ခဲ့။

အဖေသတ္တိ … အားမာန်ဝင့်ခါ … အန္တရယ်တွေ့လည်း … သားသမီးအပေါ် … သူခိုင်ခံစေခဲ့။

အဖေ့ကျေးဇူး … မသိကျိုးန္ဒံ … ရှိခဲ့ပါလည်း …သားသမီးအပေါ် … သူခွင့်လွှတ်ခဲ့။

**ချစ်သောဖခင်အားဂုဏ်ပြုပါ၏။**

အဖေ့နည်းတူ … စံနမူယူ … ထက်ချပ်မကွာ … ခြေရာနင်းမည့် … အဖေ့သားများ။

အဖေ့ကျေးဇူး … ဂုဏ်အထူးကို … မမေ့ရင်မှာ … စွဲမြဲနေမည့် … အဖေ့သမီးများ။

♠ ***Smile***

# ဒါဝိဒ်မင်းကြီး ရင်ဖွင့်ပြောဆိုသောစကား

ဣသရေလအမျိုး၏ ဘုရားသခင်ထာဝရဘုရားသည် ငါ့အဆွေအမျိုးသားထဲက ငါ့ကို ရွေးကောက်၍ ဣသရေလ ရှင်ဘုရင်အရာ၌ အမြဲ ချီးမြှောက်တော်မူ၏။

ယုဒအမျိုးကို ရွေးကောက်၍ အခြားသောအမျိုးတို့ကို အုပ်စိုးရသောအခွင့်ကို ပေးတော် မူ၏။

ယုဒအမျိုးတွင် ငါ့အဘ၏အိမ်ထောင် ကိုရင်း၊ ငါ့အဘ၏သားတို့တွင် ငါ့ကိုရင်း၊ နှစ်သက်၍ ဣသရေလနိုင်ငံလုံးကို စိုးစံရသောအခွင့်ကို ပေးတော်မူ၏။

ထာဝရဘုရားသည် ငါ့အား များစွာသောသားတို့ကို ပေးတော်မူသည်ဖြစ်၍၊ ငါ့သား အပေါင်းတို့တွင် သားရှောလမုန်ကို ရွေးကောက်၍ ဣသရေလအမျိုးကို အုပ်စိုးလျက်၊ ထာဝရဘုရား၏ နိုင်ငံတော် ရာဇပလ္လင်ပေါ်မှာ ထိုင်စေခြင်းငှါ ခန့်ထားတော်မူပြီ။

ငါ့အားလည်း သင့်သား ရှောလမုန်သည် ငါ့အိမ်နှင့် ငါ့တံတိုင်းတို့ကို တည်ရမည်။ ငါသည် ထိုသူကို သားအရာ၌ ခန့်ထားခြင်းငှါ ရွေးကောက်ပြီ။ ငါသည် သူ၏အဘ ဖြစ်မည်။

သူသည် ငါစီရင်ချက် ပညတ်တရားတို့ကို ယနေ့ကဲ့သို့ အမြဲကျင့်လျှင် သူ၏နိုင်ငံကို ငါတည်စေမည်ဟု မိန့်တော်မူ၏။

သို့ဖြစ်၍ သင်တို့သည် ဤကောင်းမြတ်သော ပြည်ကိုပိုင်၍ သင်တို့၏ သားမြေးအစဉ်အဆက် အမွေခံရာအဘို့ ချန်ထားလိုသောငှါ၊ ထာဝရဘုရား၏ ပညတ်တည်းဟူသော ဣသရေလအမျိုး သာအပေါင်းတို့ ရှေ့၌၎င်း၊ ငါတို့ဘုရားသခင့်အထံတော်၌၎င်း၊ သင်တို့ဘုရားသခင် ထာဝရဘုရား၏ပညတ်တော် ရှိသမျှတို့ကို ရှာ၍စောင့်ရှောက်ကြလော့။

ငါ့သားရှောလမုန်၊ သင့်အဘ၏ ဘုရားသခင်ကိုသိလော့။
စုံလင်သောနှလုံး၊ ကြည်ညိုသောစိတ်သဘောနှင့် ဝတ်ပြုလော့။
ထာဝရဘုရားသည် ခပ်သိမ်းသောစိတ်နှလုံးတို့ကို စမ်း၍ အကြံအစည် ရှိလေသမျှတို့ကို သိတော်မူ၏။
ကိုယ်တော်ကို ရှာလျှင် အတွေ့ခံတော် မူမည်။
ကိုယ်တော်ကို စွန့်လျှင် သင့်ကို အစဉ်အမြဲ စွန့်တော်မူမည်။ သတိပြုလော့။
သန့်ရှင်းရာဌာနအဘို့ အိမ်တော်ကို တည်ဆောက်စေခြင်းငှါ သင့်ကို ထာဝရဘုရား ရွေးကောက် တော်မူသောကြောင့်၊ အားယူ၍ တည်ဆောက်လော့ ဟု မှာထားတော်မူသတည်း။

သားတော်ရှောလမုန်အားလည်း၊ သင်သည် အားယူ၍ ရဲရင့်သောစိတ်နှင့် လုပ်ဆောင်လော့။
မစိုးရိမ်နှင့်။ စိတ်မပျက်နှင့်။
ငါ၏ဘုရားသခင် ထာဝရအရှင်ဘုရားသခင်သည် သင်နှင့်အတူ ရှိတော်မူလိမ့်မည်။ ထာဝရဘုရား၏ အိမ်တော်အမှုကို ဆောင်ရွက်ရာဘို့ လုပ်ဆောင်၍ လက်စမသတ်မှီတိုင်အောင် သင့်ကိုစွန့်တော်မမူ။ ပစ်ထားတော်မမူ။
သင်းဖွဲ့သော ယဇ်ပုရောဟိတ်၊ လေဝိသားတို့သည်လည်း ဘုရားသခင်၏ အိမ်တော်အမှုကို ဆောင် ရွက်ရာဘို့ ရှိကြ၏။ လိမ္မာသောဆရာသမား အမျိုးမျိုးတို့သည်လည်း အရာရာတို့ကို လုပ်ဆောင် စေဘို့ရှိကြ၏။ မင်းများနှင့် ပြည်သူပြည်သားများ အပေါင်းတို့သည်လည်း သင့်လက်၌ ရှိကြသည်ဟု မိန့်တော်မူ၏။ ။

# ခိုင်မြဲတဲ့လက် – အဖေများနေ့အတွက်အမှတ်တရခွန်အား

ငယ်ငယ်က အကြောင်းလေးတွေ...မှတ်မိနေဆဲပါ။

ဖေဖေ့ ပုခုံးပေါ်မှာ သားကိုထမ်းပြီး လျှောက်လည်တော့၊ ပထမ သားကကြောက်ကြောက်နဲ့ ငြိမ်နေပေမဲ့၊ နောက်တော့ ဖေဖေက သားကို ပြုတ်ကျ မသွားအောင် မြဲမြဲကိုင်ထားမှန်း သိရတော့ ရဲတင်း လာတယ်။ မေမေကလည်း သားအတွက် စိုးရိမ်ပြီး အနားကမခွါ တဖွဖွနဲ့ သတိပေးနေတယ်။ ဖေဖေနဲ့ အတူတူ လျှောက်လည်ရတော့ ပျော်လာတယ်။ သားကငယ်သေးလို့ အလှမ်းမမှီတာတွေ မမြင်ရနိုင်ဘူး။ ဖေဖေ့ပုခုံးထက်ကဆိုတော့ ဖေဖေထက်သားကပိုပြီးမြင့်တော့ အဝေးကြီးကို လှမ်းမြင်ရလို့ ပျော်စရာကြီး။

မေမေက ဖေဖေ့ပုဆိုး တစ်ထည်ကို ဆင်နှာမောင်းလုပ်ပြီး ဖေဖေ့ခေါင်း ပေါ်မှာပတ်၊ သားကို ဖေဖေ့ ကျောပြင်ပေါ်တင်လို့ ဆင်ကြီးစီးမယ်နဲ့ ဆင်စီးတမ်း ကစားခဲ့တယ်။ ပထမ ဖေဖေဆင်ကြီး စထွက် သွားတော့၊ လှုပ်လှုပ်နဲ့သားကမစီးရဲဘဲ မေမေ့ကိုလှမ်းကိုင်ထားတယ်။ မေမေက ဖေဖေဆင်ကြီးကို မြဲမြဲ ကိုင်ထားပြောလို့၊ သားက ဖေဖေဆင်ကြီးကို အတင်းဆွဲလိုက်တော့၊ ဖေဖေက မကျပါဘူး သားရယ်၊ ရဲရဲ သာစီးပါတဲ့၊ အဲဒီလိုပြောတော့ သားမကြောက်တော့ဘူး။ ဖေဖေဆင်ကြီးကို စီးရတာ သားပျော်ပါတယ်။

သားရဲ့လက်နဲ့ခြေထောက်ကို ဖေဖေက ကိုင်ဆွဲပြီး၊ လေထဲမှာ ဝှေ့ရမ်းလိုက်တော့ သားက ကြောက်လန့်ပြီး အော်ငိုတယ်။ ဖေဖေက အောက်ကို ပြန်ချပေးတယ်။ သားက မေမေ့ဆီကို ပြေးသွား တော့ မေမေက လှမ်းချီပြီး မွှေးမွှေးပေးလို့ သားပျော်သွားတယ်။ သားနဲ့အတူတူ မေမေနဲ့ဖေဖေ ရှိနေ တော့ သားမကြောက်တော့ဘူး။ လေယာဉ်ပျံကြီး စီးရအောင်လို့ ဖေဖေပြောရင် သားကလက်နှစ်ဘက် ဆန့်တန်းပြီး၊ ဝူး...ဝူး...ဝီ...ဝီ...အော်သံပေးလို့ လေထဲမှာ ပျံဝဲရတာ ပျော်ဖို့ကောင်းပါတယ်။ ဖေဖေက ရပ်လိုက်ရင်၊ သားက လေယာဉ်ပျံကြီး လုပ်ပါအုံး... လုပ်ပါအုံး... သားမကြောက်တော့ပါဘူး။

မေမေ့ရဲ့မေတ္တာအကြင်နာ၊ ဖေဖေ့ရဲ့ခိုင်မြဲသန်စွမ်းတဲ့လက်က သားကို သတ္တိတွေ မွေးပေးတာ။ သားမကြောက်တော့ဘူး... သားပျော်ပါတယ်။

အခု ကျွန်တော် ဖခင်တစ်ယောက် ဖြစ်နေပါပြီ။ ဖေဖေ မေမေတို့ ပေးခဲ့တဲ့ ရဲတင်းတဲ့သတ္တိမျိုး၊ ကျွန်တော့်ရဲ့ သားလေးကို လက်ဆင့်ကမ်းကာ သင်ပေးရအုံးမယ်။ ဘဝနဲ့ရင်းပြီ ရခဲ့တဲ့ သတ္တိက ခိုင်မြဲ ခိုင်ခံ့စေပါတယ်။

စဉ်းစားကြည့်ပါ... ကျွန်တော်တို့ ကိုးကွယ်ယုံကြည်တဲ့ ကောင်းကင်ဘုံရှင်အဘရဲ့ မေတ္တာတော် အရိပ်အောက်မှာ လုံခြုံစိတ်ချရသလို၊ အဗ္ဗအဘရဲ့ လက်တော်ဟာ ခိုင်မြဲပါတယ်။ ထို့အတူ ဂတိတော် လည်း အစဉ်တည်ပါတယ်။

**မစိုးရိမ်နှင့်။ ငါသည် သင့်ဘက်မှာရှိ၏။**
**မကြောက်နှင့်။ သင်၏ဘုရားသခင် ငါသည် သင့်ကိုခိုင်ခံ့စေမည်။**
**သင့်ကိုစောင့်မမည်။ ငါ့သစ္စာလက်ျာလက်ဖြင့် ထောက်ပင့်မည်။ ဟေရှာယ၊၄၁း၁၀**

ကျွန်တော်တို့ အယောက်စီတိုင်း အဘဘုရားသခင်ရဲ့လက်တော်ကို မြဲမြံစွာ ကိုင်ဆွဲထားသမျှ ကာလပတ်လုံး ဘယ်နည်းနဲ့မှ မကျနိုင်ပါ။ ရဲတင်းတဲ့ သတ္တိမျိုးသာ လိုအပ်ပါသည်။ စိတ်သာချလိုက်ပါ။ ရွှင်လန်းခြင်းရရှိလိမ့်မည်။ ။

**♣ ဖေဖေရဲ့___သား**

# I miss you

I miss you a lot!

Father's Day that brings back memories.

I never forget my father… I miss my father.

The calendar has now turned to June, and once again my thoughts turn to Father's Day...and my father.

Once again, I miss him.

I still remember what my father said…

My father said to love the Lord.

My father said to treat others just like you wanted to be treated.

My father said … to tell the truth, don't be lies.

My father said … to work hard, don't be lazy.

My father said to display good relationship with others... I never forget.

My father said must be obedience to elders…I did that.

O GOD! You give me a chance to bring back memories with my father.

When I was young, I said to my Father, " I love you "

Then my father asked, "How much do you love me?"

Suddenly I stretched my arms and replied "This much! … This much! "

And my father asked, "How deep do you love me ".

I show up my heart was beating with joy and replied, "At the bottom of my heart".

We hug each other and my father kisses a thousand times … Because he loves me too.

When I grown up, I never said again to my Father, "I love you" … I miss that part.

Now, once again, I wish I had another chance to say, "I love you"

Once again, I love you.

Please forgive me and Thank you for everything.

Thanks a lot. ♠ *Smile*

# Father's day messages:

**Fathers:**

There comes a time in our lives, when we all realize what a father is. As time passes, I realized a father is the provider and caretaker of the family. He risks his life for his wife and children so there can be a better day, a brighter future. I, myself, have a father who gives so much to our family. He shows me what's right from wrong, and by watching him live his life, I can understand how to live my own life. Though, he may be complicated sometimes, I am thankful to God, for giving me an interesting father, that teaches me the values of life.

Yuki Min Tin

**What to say about my dad.**

My dad has done a lot of things for me and my brother. He helps when we need it, he teaches us when we want to learn, and most of all, and he cares about us and takes care of us.

He knows how to deal with different problems and likes to help people when they need it. I respect him for the things he has done and for taking good care of us.

Kendrick Lim

**Father's Day!**

My father has always been there for me. He takes me to school everyday in the morning. Sometimes he cooks for my family. He always takes me to places that I want to go. He always jokes around too and it's pretty hilarious. Happy fathers day!

Wilson Saw




*Remember… spend some time with your loved ones, because they are not going to be around forever.*

*Remember… say a kind word to someone who looks up to you in awe, because that little person soon will grow up and leave your side.*

*Remember… to give a warm hug to the one next to you, because that is the only treasure you can give with your heart and it doesn't cost a cent.*

*Remember… to say, 'I love you' to your partner and your loved ones, but most of all mean it. A kiss and an embrace will mend hurt when it comes from deep inside of you.*

*Remember… to hold hands and cherish the moment for someday that person will not be there again.*

*Give time to love, give time to speak! And give time to share the precious thoughts in your mind.*

*AND ALWAYS REMEMBER:*

*Life is not measured by the number of breaths we take, but by the moments that take our breath away.*

*George Carlin*

# My Son

This is great. Take a moment to read it; it will make your day!

The ending will surprise you.

Take my Son.....

A wealthy man and his son loved to collect rare works of art. They had everything in their collection, from Picasso to Raphael. They would often sit together and admire the great works of art...

When the Vietnam conflict broke out, the son went to war. He was very courageous and died in battle while rescuing another soldier. The father was notified and grieved deeply for his only son.

About a month later, just before Christmas, there was a knock at the door. A young man stood at the door with a large package in his hands... He said, 'Sir, you don't know me, but I am the soldier for whom your son gave his life. He saved many lives that day, and he was carrying me to safety when a bullet struck him in the heart and he died instantly.... He often talked about you, and your love for art.' The young man held out this package. 'I know this isn't much. I'm not really a great artist, but I think your son would have wanted you to have this.'

The father opened the package. It was a portrait of his son, painted by the young man. He stared in awe at the way the soldier had captured the personality of his son in the painting. The father was so drawn to the eyes

that his own eyes welled up with tears. He thanked the young man and offered to pay him for the picture.. 'Oh, no sir, I could never repay what your son did for me. It's a gift.'

The father hung the portrait over his mantle. Every time visitors came to his home he took them to see the portrait of his son before he showed them any of the other great works he had collected.

The man died a few months later. There was to be a great auction of his paintings. Many influential people gathered, excited over seeing the great paintings and having an opportunity to purchase one for their collection.

On the platform sat the painting of the son.
The auctioneer pounded his gavel. 'We will start the bidding with this picture of the son. Who will bid for this picture?'

There was silence...

Then a voice in the back of the room shouted, 'We want to see the famous paintings. Skip this one.'

But the auctioneer persisted. 'Will somebody bid for this painting? Who will start the bidding? $100, $200'!!!

Another voice angrily, 'We didn't come to see this painting. We came to see the Van Gogh'S, the Rembrandts. Get on with the Real bids!'

But still the auctioneer continued.
“The son! The son! Who'll take the son?”

Finally, a voice came from the very back of the room.
It was the longtime gardener of the man and his son.
“I'll give $10 for the painting...”
Being a poor man, it was all he could afford..

“We have $10, who will bid $20?”

“Give it to him for $10. Let's see the masters.”

The crowd was becoming angry.
They didn't want the picture of the son...
They wanted the more worthy investments for their collections.

The auctioneer pounded the gavel... “Going once, twice, SOLD for $10!”

A man sitting on the second row shouted,
“Now let's get on with the collection!”

The auctioneer laid down his gavel.
“I'm sorry, the auction is over...”
“What about the paintings?”

“I am sorry. When I was called to conduct this auction, I was told of a secret stipulation in the will... I was not allowed to reveal that stipulation until this time. Only the painting of the son would be auctioned. Whoever bought that painting would inherit the entire estate, including the paintings. The man who took the son gets everything!'

God gave His son over 2,000 years ago to die on the Cross. Much like the auctioneer, His message today is: 'The Son, the Son, who'll take the Son?'

Because, you see, whoever takes the Son gets everything!

**FOR GOD SO LOVED THE WORLD HE GAVE HIS ONLY BEGOTTEN SON, WHO SO EVER BELIEVETH, SHALL HAVE ETERNAL LIFE ... THAT'S LOVE.**

